
ဇောင်း
မူးယစ်ရာဇာရဲ့ချစ်သူ

# အပိုင်း(၁)

"လိုက်ကြစမ်း အဲဒီကောင်မကို မိမှဖြစ်မှာ"

မီးမှိန်မှိန်ပျပျ မီးတိုင်တွေရှိတဲ့ လာရှိုးရဲ့နယ်စပ် တစ်နေရာ လမ်းမထက်မှာ ညဥ့်သန်းခေါင်ချိန် အနက်ရောင် ဝတ်စုံတွေနဲ့ လူတစ်စု ခေါင်းဆောင်ဖြစ်ဟန် တူသည့်လူက ပြောနေလေသည်။

"မင်းတို့ အဲဒီကောင်မကို မတွေ့မချင်း ပြန်မလာနဲ့ ဂိုဏ်းချုပ်အကြောင်း သိတယ်မလား"

"ဟုတ်ကဲ့"

"သွားကြတော့"

"ဂိုဏ်းချုပ်ကို သေကြောင်းကြံချင်နေတဲ့ မိန်းမ၊ မင်းပဲ ငရဲပြည်သွားရတော့မယ်"

"ဒိုင်း ဒိုင်း အ"

ကျယ်လောင်စွာ ထွက်ပေါ်လာသည့် သေနတ်သံ လဲကျနေတဲ့ မိန်းမတစ်ယောက်။

ရှမ်းပြည်နယ်တွင်သာမက မြန်မာနိုင်ငံရဲ့ အကြီးဆုံး မူးယစ်ရာဇာတစ်ယောက် အာရှတိုက် မှာလည်း ကြီးစိုးသည့်သူ သူ့နာမည်က ခွန်နေမာန်။

တစ်ကိုယ်လုံး အနက်ရောင် ဝတ်ဆင်ထားပြီး ဘေးနားမှာ တပည့်များစွာနဲ့ သူ့ကို သေကြောင်းကြံတဲ့ မိန်းကလေးက ရှာပြီး သတ်ပစ်လေသည်။

အသက် ၂၇သာ ရှိသေးပြီး ရှမ်းတိုင်းရင်းသားဆိုတော့ ချောသည်။

ယောက်ျားပီသသည်။ အတိုက်အခိုက်ကို ကလေးဘဝကတည်းက သင်ယူခဲ့သည့်သူက တစ်ယောက်တည်းလည်း တိုက်ခိုက်ရဲသည်။

သူက မိန်းမတွေကို ကစားစရာလို့ပဲ သဘောထားသူ။ တန်ဖိုး မထားတတ်သူ။ တစ်ယောက်ပြီး တစ်ယောက် ထည်လဲတွဲသည်။

ဆံပင်မတိုမရှည် ရင်အုပ်ကျယ်ကျယ် လေးထောင့်ကျတဲ့မျက်နှာ အရပ်ဖြပေ၁လက်မ ဆိုသည့် အရပ်မောင်းနဲ့ လိုက်ဖက်စွာ ကြည့်ကောင်းပေသည်။

ခွန်နေမာန်က အပြစ်ကင်းစွာ မပြုံးတတ်တာပဲ။

မိန်ကလေး တစ်ယောက် သတ်ပြီး အဆောက်အဦရဲ့ မြေအောက်ခန်းကနေ ထွက်လာပြီး...

"အဲဒီလိုမျိုး ငါ့ကို သေကြောင်းကြံတာပဲ ဖြစ်ဖြစ် သစ္စာဖောက်တာပဲ ဖြစ်ဖြစ် ခုနလို သတ်ပေးရတယ်၊ နောက်ဆို ခုလို အသေးအဖွဲ့ကစ ငါဝင်ပါရပြီ ဆိုရင်တော့ မင်းတို့ အကုန် သတိထား "

လို့ ခွန်နေမာန် လမ်းလျှောက်လာရင်း ပြောလာလေသည်။ ခဏရပ်နောက်လှည့်လိုက်ပြီး...

"ပြီးတော့ နင်တို့ Angle Black သတိထားနေ မိန်းကလေးတွေကို တာဝန်ယူရမှာ အားအားနေ black Man အဖွဲ့က လိုက်ဖမ်းပေးနေရမှာလား ဟမ်"

လို့ ခွန်နေမာန် ခါးထောက်ပြီး ပြောလိုက်လေသည်။

မျက်နှာက တင်းမာနေတာကြောင့် အဖွဲ့နှစ်ဖွဲ့လုံးရဲ့ ခေါင်းဆောင်တွေ ဘာမှမပြောဘဲ ခေါင်းငုံ့နေကြသည်။

angle black ဆိုတာ မိန်းကလေးတွေ ပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့ ဖြစ်လေသည်။ black man က ယောက်ျားလေးအဖွဲ့ ယောက်ျားအဖွဲ့က ဘိန်းဖြန့်ဖြူးတာ

တွေ ကျန်တဲ့ကိစ္စတွေ လုပ်သည်။ မိန်းကလေး အဖွဲ့ကတော့ အိမ်တော်မှာ စောင့်ရှောက်လေသည်။

ခွန်နေမာန်ရဲ့ သီးသန့်သက်တော်စောင့်က လက်ရွေးစင်တွေပဲ စုထားသည့် NG လို့ အမည်ရတဲ့လူ ၃၀လောက်ရှိ သီးသန့်အဖွဲ့ပင် တခြားအဖွဲ့တွေထက် လက်ရည်အသာဆုံးပင်။

"တောင်းပန်ပါတယ် ဂိုဏ်းချုပ် နောက်ဆင်ခြင်ပါ့မယ်"

လို့ Angle black ရဲ့ အဖွဲ့ခေါင်းဆောင် နန်းစိုးဦးက ခေါင်းငုံ့ကာ ပြောလိုက်လေသည်။

"အဆောက်အဦကို ရှင်းလင်းရေး လုပ်ထား နင်တို့ black man အဖွဲ့က ကိုယ့်အလုပ် ကိုယ်သွားလုပ်ကြတော့"

ခွန်နေမာန်လည်း ပြောလိုက်ရော အဖွဲ့နှစ်ဖွဲ့လုံး ထွက်ခွာသွားကြလေသည်။ ကျန်နေခဲ့သူက သူ့ရဲ့ ညာလက်ရုံး စစ်ရောင်ပင်။

"မနေ့က ကုန်ကား အစီးနှစ်ဆယ်နဲ့ ထိုင်းကိုရောက်သွားတဲ့ မှိုင်းရန် အဆင်ပြေလား"

လို့ စံအိမ်ဆီ လမ်းလျှောက်လာရင်း စစ်ရောင်ကို မေးလိုက်လေသည်။ လက်က ဆေးလိပ်ကို အသောက်မပျက်။

"ဟုတ်ကဲ့ အဆင်ပြေပါတယ်၊ မှိုင်းရန် မနက်ဖြန်ဆို ပြန်ရောက်မယ် ပြောပါတယ် ဂိုဏ်းချုပ်"

"ကောင်းပြီ ခုရက်ပိုင်း အသေးအဖွဲ့တွေကို သေချာစုံစမ်းပြီးမှပို့ခိုင်း ရဲတွေပါလာလို့ ငါလိုက်ရှင်းရရင် မင်းတို့အသက်ကို ဖက်နဲ့သာ ထုပ်ထားလိုက်တော့"

"ဟုတ်ကဲ့ ကျွန်တော် ဂရုစိုက်နေပါတယ် ဂိုဏ်းချုပ် ဒါပေမဲ့ ဟိုနေ့က ဦး

စိုးကြည်ဆီသွားတာ ခုထိပိုက်ဆံ လာမပေးသေးဘူး"

"အဲဒီလိုက ဒီလိုတစ်ခါမှမဖြစ်ဘူးဘူး ဘယ်လိုဖြစ်တာလဲ စုံစမ်းထား"

"ပြီးတော့ နောက် ငါ့အတွက် မိန်းမရှာရင် သေချာကြည့်ရှာ သူလျှိုပါလာနိုင်တယ်"

"ဟုတ်ကဲ့ ဂိုဏ်းချုပ်"

စစ်ရောင် ပြောနေတုန်းမှာပင် နေမာန်က စံအိမ်ထဲ ဝင်သွားလေသည်။ နေမာန်က မိန်းမတွေကို ငွေပေးရင် ဘာမဆို အကုန်ဖြစ်တယ် ဆိုပြီး သတ်မှတ်ထားသူ။ သူ့မှာ နာကျင်စရာ အတိတ်တချို့ ရှိခဲ့ပေသည်။ သူ့အမေက နေမာန့်အဖေရှိရဲ့သားနဲ့ ငယ်ချစ်ဦးနဲ့ ဖောက်ပြန်လေသည်။

"မေမေ ဘယ်သွားမလို့လဲ အီး ဟီးဟင့်"

သူ့အမေရဲ့လက်ကို ဆွဲကာငိုနေသည့် ကလေးငယ်တစ်ဦး။

"ဖယ်စမ်းငါ့ လက်ကိုလွှတ်"

"မင်းတော်တော် ရက်စက်ပါလား ခင်နှင်းဆီ"

"ရှင်က ကျွန်မကို ရက်စက်တယ်ထင်ရင်လည်း ကျွန်မကရက်စက်တယ်ဟုတ်ပြီလား"

အသက်၃၀နီးပါးရှိသည့် မိန်းမတစ်ဦး ဆယ်ကျော်သက်အရွယ်လိုပြင်ဆင်ထားပြီး နေမာန်ရဲ့အဖေ ဦးစပ်စိုင်းမာန်ကို ပြန်ပြောလိုက်သည်

ဦးစိုင်းမာန်လည်း ချစ်လို့ယူထားပေမဲ့ သူ့ကိုမချစ်ဘဲ ငယ်ချစ်နဲ့ပြန်တွေ့ပြီး အိမ်က ထွက်သွားတော့မဲ့ ခင်နှင်းဆီကိုကြည့်ကာ...

"မင်းသွား အေး မင်းဘယ်တော့မှ နောင်တမရပါစေနဲ့ ငါ့သားကို ငါနဲ့ထားခဲ့"

"ဟွန့် ကျွန်မကလည်း ဒီကလေးကို မယူချင်ပါဘူး ရှုပ်လွန်းလို့"

"ကောင်းပြီလေ သွား မင်းငါ့မေတ္တာတွေ ဘယ်တော့မှ မစူးစေနဲ့"

ထိုနေ့ကစပြီး ခင်နှင်းဆီလည်း သူ့ငယ်ချစ် စပ်မင်းခိုင်နဲ့ မိုင်းဆက်မြို့မှာ လက်ထပ်လိုက်ကြ လေသည်။

စပ်မင်းခိုင်ကလည်း မူးယစ်ရာဇာ တစ်ဦးပင်။ ဦးစိုင်းမာန်လည်း ငိုနေတဲ့ သားလက်လေးကို ကိုင်ပြီး...

"ဝမ်းမနည်းနဲ့ငါ့သား မျက်ရည်ကျတာ ယောကျာ်းတွေအလုပ် မဟုတ်ဘူး။ ခုချိန်ကစပြီး ငါ့သားမှာ အဖေပဲရှိတယ် အမေဆိုတာ မရှိတော့ဘူး ကြားလားသားလေး"

"ဟုတ်"

အသက် ၈နှစ်အရွယ်သာ ရှိနေတဲ့ ကလေးတစ်ယောက်ရဲ့ စိတ်မှာတော့ သူ့ဘဝမှာ အဖေပဲရှိတယ် အမေက နောက်တစ်ယောက်နောက် လိုက်သွားတယ် ဆိုတဲ့အသိ စွဲထင်ခဲ့လေသည်။

ဦးစိုင်းမာန်တို့ သားအဖနှစ်ယောက်ကို ကြည့်ပြီး တပည့်ဖြစ်သူများက စိတ်မကောင်းကြပေ။

နောက်ပိုင်း ဦးစိုင်းမာန်ဆုံးပြီးတော့ ခွန်နေမာန်တစ်ယောက် ဂိုဏ်းကို တိုးချဲ့ခဲ့ရာ အာရှမှာ နံပါတ်တစ် BLACK ဆိုတဲ့ မူးယစ်ဂိုဏ်း ဖြစ်ပေါ်လာလေသည်။

ခွန်နေမာန်လည်း အတိတ်က အကြောင်းတွေ စဉ်းစားပြီး...

"ကျုပ်တို့သားအဖ ခံစားခဲ့ရသလို ခင်ဗျားတို့ မိသားစုလည်း ရှင်ကွဲကွဲစေရမယ်"

လို့ ပြောနေမိ တော့သည်။

"ရွှေနွေး ရွှေနွေး"

"ရှင် မေမေ ရွှေနွေးကို ဘာခိုင်းမလို့လဲဟင်"

"အမလေး ညည်းပြောပုံက မသိရင်ပဲ ငါက နေ့တိုင်းခိုင်းနေတဲ့ ပုံစံနဲ့ ငါ ခေါက်ရင် သေတော့မယ်"

ဒေါ်ပပ ပြောရင် ခေါင်းခေါက်ရန် ရွယ်လိုက်လေသည်။

"ညည်းအစ်မ ကျောင်းကပြန်လာတော့မှာ ထမင်းအဆင်သင့် လုပ်ပြီးပြီလား"

"ဟုတ် ပြင်ပြီးပါပြီ မေမေ"

"ပြီးရောညည်း လမ်းထိပ်မှာ အကြော်သွားဝယ်လာခဲ့ ရော့ပိုက်ဆံ"

ပိုက်ဆံ တစ်ထောင်တန် ထုတ်ကာပေးလိုက်သည်။ ပိုးရွှေနွေးလည်း လမ်းထိပ် အကြော်ဝယ်ဖို့ ထွက်ခဲ့လေသည်။ ပိုးရွှေနွေးက အသက်၁၈နှစ်ပဲ ရှိသေးသည်။ ရုပ်ကလေးက အတော်ပင် ချစ်ဖို့ကောင်းသည်။ ကလေးမျက်နှာ အတိုင်းပင်။

အသားအရေလေးတွေကလည်း ဝင်းဝါ။ ပါးဖောင်းဖောင်းလေးနဲ့ပင်။ သို့ပေမဲ့ ကျောင်း ပြီးအောင် မတက်ခဲ့ရပေ။ အရာရာ သူ့အစ်မလုပ်သူ အတွက် ဦးစားပေးခဲ့သည်။ ပညာ အရည်အချင်း နိမ့်ပါးလှသည်။

"မိန်းမရေ မိန်းမ"

အိမ်ပေါ်ရောက်လာပြီး အလောတကြီး ဖြစ်နေတဲ့ သူ့ယောက်ျား ကိုစိုးကြည်ကို ကြည့်လိုက်ပြီး...

"ဘာဖြစ်လာတာတုန်းတော့ ဘာလဲ အရောင်းအဝယ် အဆင်ပြေလို့လား"

"မဟုတ်ဘူးဟ ပြဿနာတက်တာ"လို့ မျက်နှာပျက်စွာ ပြောနေတာကြောင့်...

"ကိုစိုးကြည် ရှင်မဟုတ်မှလွဲရော ဖဲရှုံးလာမလား ဟမ်"

"ဟုတ်တယ်ဟ ဒါပေမဲ့ ဒီတစ်ခါ ပမာဏများတယ်"

"ဘယ်လောက်တောင်မို့လို့လဲ"

"ဝိုင်းမှာရှုံးသွားတဲ့ ငွေတွေက ဂိုဏ်းချုပ်ရဲ့ငွေတွေကွ"

"ဘယ်လောက်တောင် များလို့ ရှင်ခုလိုဖြစ်နေတာလဲ"

"သိန်း ၉ထောင်"

"ဘာ ဘယ်လို ရှင် ... ရှင် ကျွန်မတို့ မိသားစုကို သေအောင် သတ်နေတာလား ကိုစိုးကြည် ဟမ်"

လို့ ဒေါ်ပပလည်း ဦးစိုးကြည်ရဲ့လက်မောင်း လှုပ်ကာမေးလိုက်လေသည်။

"ဟိုက လာမေးတော့မှာ ပြီးရင် ရှင်သိတဲ့အတိုင်းပဲ ကျွန်မသမီးကို ခေါ်သွားရင် ဘယ်လိုလုပ်မလဲ ၊ သမီးက တက္ကသိုလ်ကျောင်းသူနော် အဲဒီလို လူဆိုးလက်ထဲ မထည့်နိုင်ဘူး"

"မေမေ ဘာတွေဖြစ်နေကြတာလဲ"

ကျောင်းကနေ ပြန်လာတဲ့ နှင်းပန်းချီ ဒေါ်ပပနား ထိုင်ပြီး မေးတော့ အကြောင်းစုံ ပြောပြလိုက်လေသည်။

"အမေ သမီး အဲဒီလူဆိုးဂိုဏ်းကိုတော့ မသွားပါရစေနဲ့ ဟို ရွှေနွေးကို ပေးလိုက် သူက လှတော့ ဂိုဏ်းချုပ်က ကြိုက်သွားရင် သမီးတို့ ပိုက်ဆံဆပ်ရမှာ မဟုတ်တော့ဘူး မကောင်းဘူးလား အမေ"

"ကောင်းတယ်သမီး အဲဒီနည်း အကောင်းဆုံးပဲ ကိုစိုးကြည် ရှင်ဘာမှဝင်မပါနဲ့ ရှင့်သူငယ်ချင်းလည်း သေပြီ ကျွန်မတို့လည်း ကျွေးမွေးပြုစုခဲ့တာ ဒီလောက်တော့ သူ ပြန်ဆပ်သင့်တယ်"

"မင်းတို့ကလည်းကွာ"

ဦးစိုးကြည်လည်း ဘာမှမပြောနိုင်တော့ပေ။ တကယ်တော့ ပိုးရွှေနွေးက

ဦးစိုးကြည်ရဲ့ သူငယ်ချင်းသမီးပင်။

"ဂိုဏ်းချုပ် ဦးစိုးကြည် ဖဲရှုံးတာ ကျွန်တော်တို့ကို ပေးရမဲ့ ပိုက်ဆံတွေပါ"

"ကောင်းပြီ ယုံကြည်မှုကို အလွဲသုံးစား လုပ်တာလောက် ငါမုန်းတာမရှိဘူး သွားမယ် သူတို့ဆီ"

နေမာန်လည်း ဦးစိုးကြည်ဆီ ထွက်လာခဲ့လေသည်။

မနက်စောစောထ မျက်နှာသစ် ဘုရားရှိခိုးပြီး အိမ်ရှေ့မှာ ခရေပန်းလေးတွေကို သီပြီး ထိုင်နေတဲ့ရွှေနွေး ဂါဝန်အနက် အကွက်လေးနဲ့ ဆံပင်ကို ကျစ်ဆံမြီးကျစ်ကာ နှစ်ဖက်ခွဲစည်းထား လေသည်။

အိမ်ရှေ့ကိုရောက်လာတဲ့ ကားငါးစီးလောက်ကို ကြည့်ကာ

"မေမေ အိမ်ရှေ့မှာ ဧည့်သည်ရောက်နေတယ်"

လို့ လှမ်းအော်ပြော လိုက်လေသည်။

နေမာန် ခြံထဲကို ဝင်လာပြီး ပန်းထိုင်သီနေတဲ့ ကောင်မလေးဆီ အကြည့်ရောက်သွား လေသည်။ ချစ်ဖို့ကောင်းလိုက်တာ ဦးစိုးကြည်ရဲ့သမီးပဲ ဖြစ်မယ်။

နေမာန်လည်း ရွှေနွေးကိုမြင်ပြီး ရင်ထဲ တစ်မျိုးကြီး ဖြစ်သွားသည်။ ရင်ခုန်သံတွေလည်း မြန်လာလေသည်။ နေမာန် ရွှေနွေးနား ထိုင်လိုက်ပြီး

"မင်းက ဦးစိုးကြည်ရဲ့ သမီးလား"

"ဟုတ်ပါတယ်ကိုကြီး အဖေ အပေါ်မှာ ရှိပါတယ်ရှင့်"

"ဟာ ဂိုဏ်းချုပ် အိမ်ပေါ်ကြွပါခင်ဗျာ့ သမီးလေး ပန်းသီတာပြီးရင် အိမ်ထဲ ဝင်တော့လေကွယ်"

လို့ ဒေါ်ပပက ပြောလိုက်လေသည်။

နေမာန်လည်း မျက်မှန်ကို ချွတ်ကာ မျက်နှာတည်တည်နဲ့ အိမ်ပေါ် တက်လာခဲ့လေသည်။

ရွှေနွေးလည်း အနောက်ကနေ လိုက်လာခဲ့လေသည်။

"ဂိုဏ်းချုပ် ကျွန်တော်"

"ရှူး မပြောနဲ့ ဖြေရှင်းချက်တွေ ကျုပ်နားမထောင်ချင်ဘူး၊ ခင်ဗျား ဘယ်လို တာဝန်ယူမလဲပဲ သိချင်တယ်"

နေမာန်လည်းပြောပြီး သေနတ်ကို စားပွဲပေါ်တင်ကာ ဆေးလိပ်ကို ဖွာသောက် လိုက်လေသည်။

"ကျွန်တော် တောင်းပန်ပါတယ် ဂိုဏ်းချုပ်"

ဦးစိုးကြည်လည်း နေမာန်ရှေ့ဒူးထောက်လိုက်လေသည်။

"ကောင်းပြီလေ ဒီသေနတ်ထဲက ကျည်ဆန်က ခုခင်ဗျားအတွက် ဖြစ်သွားပြီ"ဆိုပြီး သေနတ်နဲ့ ဦးစိုးကြည်ကို ချိန်ထားလေသည်။

"ဟင် ကိုကြီး ဖေဖေ့ကို မသတ်ပါနဲ့ ရွှေနွေး တောင်းပန်ပါတယ်"

အနားကို ရောက်လာကာ သူ့လက်ကိုကိုင်ကာ တောင်းပန်နေသည့် ကောင်မလေး...

"ဟုတ်ပါတယ် ကျွန်မအဖေကို မသတ်ကြပါနဲ့ရှင် တောင်းပန်ပါတယ်"

နှင်းပန်းချီလည်း အတူလိုက်ပြောသည်။

"ကျစ်"

နေမာန်လည်း ကောင်မလေးရဲ့ မျက်ရည်တွေတွေ့ပြီး ရင်ဘတ်ထဲ ကျပ်လာသည်။

"တော်ပြီ ခင်ဗျားကိုကျုပ် အသက်ညာဆုံးပြောမယ် အချိန်နှစ်နှစ်ပေးမယ်

၊ ဒီနှစ်နှစ်အတွင်း ကျုပ်ကိုပေးရမဲ့ ပိုက်ဆံ ပေးရမယ်၊ ခုတော့ ဒီကောင်မလေးကို ခေါ်သွားမယ် ရွေးနိုင်ရင် ပြန်လွှတ်ပေးမယ်"

"ဂိုဏ်းချုပ်ရယ် ကျွန်မ သမီးလေးက ငယ်သေးတော့"

"တော် ခင်ဗျားတို့မှာ ကျုပ်ကို ငြင်းဆန်ပိုင်ခွင့် မရှိဘူး"

လို့ ပြောရင်း သေနတ်နဲ့ ချိန်လိုက်လေသည်။

တကယ်တမ်းက ဒေါ်ပပ ဟန်ဆောင်ခြင်းပင် စိတ်ထဲမှာတော့ မြန်မြန်ခေါ်သွား အေးလေ တွေးနေမိသည်။

"စစ်ရောင် ကလေးမကိုခေါ်လာခဲ့"

လို့ပြောပြီး အိမ်ထဲက ထွက်လာခဲ့လေသည်။ နေမာန်လည်း ထွက်လာရင်း ပြုံးလိုက်လေသည်။

"လာ ညီမလေး"

စစ်ရောင်လည်း ရွှေနွေးကို ဆွဲထူလိုက်လေသည်။

"ဖေဖေ သမီးကို လာရွေးမှာလားဟင်"

"စိတ်ချပါအေ ငါတို့လာရွေးမှာပါ"

လို့ဒေါ်ပပ ဖြတ်ပြောလိုက်လေသည်။

"လာရွေးမှာပါသမီးရဲ့ နော်"

"ညီမလေး အချိန်မရှိဘူး လာ"

ဆိုပြီး စစ်ရောင်လည်း ခေါ်လာခဲ့လေသည်။

*****

အပိုင်း(၂)

ကားပေါ်ကိုရောက်လာတဲ့ သူမလေးကို တစ်ချက်ကြည့်လိုက်လေသည်။ မျက်ရည်လေးတွေ စို့ပြီး သူ့အဖေနဲ့အမေကို လှမ်းကြည့်နေတဲ့ မျက်နှာလေး။ မင်းကိုတော့ သနားပါတယ် မိန်းမတွေကို ကိုယ်မယုံဘူး။

"ဒီမှာကိုကြီး"

ဘေးနားကနေ လက်မောင်းလေးကို တို့ပြီးခေါ်တဲ့ သူမကြောင့် ကြည့်လိုက်ပြီး ပြောလို့ မေးငေါ့ပြ လိုက်လေသည်။

"ရွှေနှင်းကို ရောင်းစားဖို့ခေါ်လာတာတော့ မဟုတ်ပါဘူးနော်"လို့ မျက်နှာငယ်လေးနဲ့ မေးလိုက်တဲ့ သူမ"

"မဟုတ်ဘူး"

လို့ ခပ်ပြတ်ပြတ်ပဲ နေမာန်ပြောမိသည်။

"ဟိုလေ အဖေ့ကို မသတ်တော့ဘူးပေါ့နော် ကိုကြီး"

"မသတ်ဘူး ဒီမှာ မင်းစကား အရမ်းများတယ် ငါနားငြီးတာ မကြိုက်ဘူး ငြိမ်ငြိမ်လိုက်ခဲ့"

"ဟုတ် ဟုတ်"

ရွှေနှင်းလည်း ငြိမ်ပြီး လိုက်လာခဲ့သည်။ နေမာန်လည်း ငြိမ်သွားတဲ့ ကောင်မလေးကို ကြည့်ပြီး ပြုံးလိုက်သည်။

"ဂိုဏ်းချုပ် ဒီည ဦးသက်စံတို့အိမ်မှာ ပါတီပွဲရှိတယ် အလုပ်ကိစ္စလည်း ပြောကြမယ်"

ကားရှေ့ခန်းကနေ ပြောလိုက်တဲ့ စစ်ရောင်ကြောင့်

"သွားကြတာပေါ့ မင်းနဲ့black man အဖွဲ့ ပြင်ထား အထူးသက်တော်စောင့် အဖွဲ့ကို အိမ်မှာပဲထားခဲ့"

"ခင်ဗျာ"

"ဘာပြောစရာ ရှိသေးလဲ"

လေသံနည်းနည်းမြှင့်ကာ ပြောလိုက်တော့ စစ်ရောင်လည်း ဘာမှ ဆက်မ မေးတော့ချေ။

စစ်ရောင် အံ့ဩတာ အပြင်သွားတိုင်း အထူးသက်တော်စောင့် အဖွဲ့ကို ခေါ်နေကျ ဒီခါကျမှ အိမ်မှာထားခဲ့ ဆိုတော့ စစ်ရောင်လည်း စဉ်းစားသွား လေသည်။

နေမာန်လည်း ဘေးနားက ကောင်မလေးကို တစ်ချက်ကြည့်ပြီး မျက်လုံး မှိတ်ပြီး မှီနေ လိုက်လေသည်။

ကားလေးက တဖြည်းဖြည်း လားရှိုးမြို့ရဲ့ လမ်းပေါ်မှာ ဖြည်းညင်းစွာ မောင်းလာခဲ့လေသည်။ မကြာမီ နေမာန်ရဲ့ စံအိမ်ထဲ ရောက်လာခဲ့လေ သည်။

သက်တော်စောင့်များက တာဝန်မလစ်ဟင်းအောင် တာဝန်ထမ်းရွက်နေ ကြသည်။ ခြံဝင်းထဲကို ဆယ်မိနစ်လောက် မောင်းရလေသည်။

"ဟိတ် ရွှေနွေး ထ ဆင်းတော့"

နေမာန်လည်း နှိုးလိုက်လေသည်။

"ဟုတ် ကိုကြီး"

ရွှေနွေးလည်း ကားပေါ်ကဆင်းပြီး အိမ်ကြီးကို ကြည့်လိုက်လေသည်။

"ဝါး နန်းတော်ကြီးလား"

လို့ တစ်ယောက်တည်း ရေရွတ်နေသည်။

"ဟိတ် ဝင်ခဲ့လေ"

"ဟုတ်ကဲ့ကိုကြီး"

ရွှေနွေးလည်း ကိုကြီးခေါ်လို့ အိမ်ထဲဝင်လာခဲ့သည်။

ခမ်းနားကြီးကျယ်လှတဲ့ အိမ်ကြီး၊ အလှဆင် ပန်းအိုးတွေ ကြွေထည်ပစ္စည်းတွေ မီးဆိုင်းတွေကို ကြည့်နေမိသည်။

"ဒါက ကျုပ်ငွေအလဲလှယ် လုပ်ခဲ့တဲ့သူဘဲ ဒီစံအိမ်မှာ နှစ်နှစ်တိတိ အလုပ်လုပ်မယ်။ ဒါပေမဲ့ ကျုပ်ရဲ့အခန်း ကျုပ်အတွက်ပဲ အလုပ်လုပ်မဲ့သူ။ အနှိမ်ခံ တစ်ယောက်လို မဆက်ဆံကြနဲ့ ၊ အေး အဲဒီလို အနှိမ်ခံလို သဘောထားမယ်ဆိုရင်တော့ ခင်ဗျားတို့ ခေါင်းထဲကို ဟောဒီကျည်ဆန်တွေ ဝင်သွားမယ်"

နေမာန်လည်း အိမ်က အလုပ်သမားတွေ အဖွဲ့နှစ်ဖွဲ့ကို ခေါ်ကာ ရွှေနွေးကို ဘေးနားမှာ ထိုင်ခိုင်းပြီး ပြောနေလေသည်။

"ဒေါ်ကြီးရီ သူ့ကို အောက်ထပ်က အခန်းမှာပဲ ပြင်ဆင်ပေးထားပါ"

"ဟုတ်ကဲ့ သခင်လေး"

"လုပ်စရာရှိတာ သွားလုပ်ကြတော့ ညနေ black man အဖွဲ့သေချာ ပြင်ထားပါ"

"ဟုတ်ကဲ့ဘဂိုဏ်းချုပ်"

ထွက်သွားကြလေသည်။

အကုန် အပြင်ထွက်သွားတော့မှ ဘေးနားက ရွှေနွေးကသူ့ကို မျက်လုံးကလယ်ကလယ်နဲ့ ကြည့်နေတာကို တွေ့တော့...

"မင်းအဖေ လာရွေးမဲ့ထိစောင့် အဲဒီအချိန် အတောအတွင်း ငါနဲ့ပတ်သက်တဲ့ ဝေယျာဝစ္စတွေကို မင်းလုပ်ရမယ်"

"ဖေဖေ့ကို မသတ်ရင်  ရွှေနွေးကို ကြိုက်တာ ခိုင်းပါ ရွှေနွေး လုပ်ပါ့မယ်"

ခေါင်းလေးညိတ်ကာ ပြောလာတဲ့ ရွှေနွေးကိုကြည့်ပြီး နေမာန် စိတ်မကောင်းမိ။

"မင်း ဖြူစင်လွန်းတယ် ညီမလေးရယ်"

လို့ နေမာန် စိတ်ထဲ ပြောနေမိသည်။

"ကဲပါ လာ မင်းနေရာမဲ့ အခန်းကို လိုက်ပြမယ်"

နေမာန်လည်း အပေါ်ထပ်က အခန်းများစွာထဲက တစ်ခန်းကို လိုက်ပြသည်။ ရွှေနွေးလည်း နေရမဲ့အခန်းကို ကြည့်ပြီး ကျယ်လွန်းတော့...

"အခန်းက အကျယ်ကြီးပဲ ရွှေနွေး မနေရဲဘူး ကိုကြီး"

တောင်းဆိုလာတဲ့ မျက်နှာလေးကြောင့်...

"ဘာမှမဖြစ်ဘူး ကြောက်စရာမရှိဘူး မကြောက်နဲ့၊ ကြောက်စိတ်ဝင်တာ ငါမကြိုက်ဘူး ကြားလား"

"ဟုတ်ကိုကြီး"

ဒေါသသံနည်းနည်းလေး ပါလာတဲ့ နေမာန်ကြောင့် ရွှေနွေးအမြန် ခေါင်းညိတ်လိုက်သည်။

"လူဆိုးကိုကြီးက သူခိုင်းတိုင်းလုပ်မှပဲ တော်ကြာ သတ်နေမှဖြင့်"

လို့ ထိတ်လန့်စွာ တွေးနေမိတယ်။

"ဟိတ် ဘာတွေးနေလဲ ခဏနေ မင်းလိုအပ်မဲ့ ပစ္စည်းတွေကို ကြီးစိုးလာပို့လိမ့်မယ်"

"ကိုကြီး"

လှည့်ထွက်လာခါနီး လက်ကိုလှမ်းဆွဲပြီး ခေါ်လိုက်တာကြောင့် နေမာန်

လှည့်ကြည့်ပြီး

"ဘာလဲပြော"

"ကိုကြီးက လူဆိုးအလုပ်တွေ လုပ်တယ်ဆို ဘာလို့လုပ်တာလဲဟင်"

"အဲဒါ မင်းသိစရာမလိုဘူး၊ မင်းက မင်းအဖေ ငါ့ကို ပေးရမဲ့ ပိုက်ဆံတွေကြောင့် မင်းကို ခေါ်ထားတာ"

ဆိုပြီး နေမာန် ပြောပြီး လှေကားအတိုင်း ဆင်းခဲ့သည်။

"ဟုတ်သားပဲ ငါကိုက လျှာရှည်ပြီး မေးမိတာ ကြောက်လိုက်တာ"

လို့ ပြောပြီး အခန်းထဲ ဝင်လာခဲ့သည်။

"ကြီးစိုး ဟိုတစ်ယောက်အတွက် လိုအပ်တာတွေ ဝယ်ပေးလိုက်"

"ဟုတ်ကဲ့ သခင်လေး"

ကြီးစိုးလည်း လှည့်ထွက်သွားတာနဲ့ နေမာန်လည်း စာကြည့်ခန်းထဲ ခဏနားနေမိတယ်။

သူ့အတွေးထဲမှာ ရွှေနွေးကိုပဲ မြင်ယောင်မိတယ် သူ့ကို ပြုစားနေတဲ့ ကောင်မလေးလို့ တွေးနေမိတယ်။

"ဒေါက်ဒေါက်"

အပြင်က တခါးခေါက်သံကြောင့်...

"ဝင်ခဲ့"

"ဂိုဏ်းချုပ် ညနေသွားဖို့ အဆင်သင့်ဖြစ်ပါပြီ"လို့ အနောက်တိုင်း ဝတ်စုံနဲ့ ကြည့်ကောင်းနေတဲ့ စစ်ရောင်။

"ငါ အဝတ်လဲပြီးထွက်ခဲ့မယ်"

"ဟုတ်ကဲ့"

နေမာန်လည်း သူ့အခန်းထဲပြန်ပြီး အဝတ်လဲလိုက်လေသည်။ ရွှေနွေး အိပ်နေတာကြောင့် မနှိုးတော့ပေ။ ခြံထဲမှာရပ်ထားတဲ့ ကားဆယ်စီး အနက်ရောင်ဝတ်စုံတွေနဲ့ လူတစ်စု နေမာန်လည်း ဆင်းလာရော အကုန်လုံး ဦးညွှတ်လိုက်ပြီး

"မင်္ဂလာပါ ဂိုဏ်းချုပ်"

နေမာန်လည်း တစ်ချက်ကြည့်ကာ ကားထဲ ဝင်သွားလေသည်။ နောက်မှ မောင်းသူဘေးမှာ စစ်ရောင် ဝင်ထိုင်လိုက်လေသည်။ နောက်မှ ကားတွေလည်း ပါတီပွဲလုပ်မဲ့ အိမ်သို့ မောင်းခဲ့သည်။

"ပါတီပွဲကို ဦးသက်စံရဲ့သမီး အမေရိကန်က ပြန်လာမှာဆို အဲဒီကောင်မလေးက ထက်မြတ်တယ် ကြားတယ်။ သေချာ စောင့်ကြည့်ထား"

နေမာန်လည်း စစ်ရောင်ကို ပြောလိုက်လေသည်။

စားပွဲဝိုင်းရှည်ကြီးမှာ ထိုင်နေကြတဲ့ ဂိုဏ်းအသီးသီးရဲ့ ခေါင်းဆောင်တွေ ထိုထဲမှာ နေမာန် မမြင်ချင်တဲ့ လူတစ်ယောက်လည်း ပါသည်။ သူက နေမာန့်အမေရဲ့ နောက်ယောက်ျား ဦးစပ်မင်းခိုင်။

နေမာန်လည်း စပ်မင်းခိုင်ကို တစ်ချက်ကြည့်ပြီး ခုံမှာ ထိုင်လိုက်လေသည်။

"ဟာ မောင်နေမာန် မင်းလာမယ်မထင်ဘူး တကယ်လာတာပဲ"

လို့ ဦးသက်စံ ပြောလိုက်တော့...

"ဟုတ်တယ် ဒီနယ်မြေရဲ့ ဘိန်းချက်တာနဲ့ ပတ်သက်တာဆိုတော့ လာရမှာပေါ့"

လို့ နေမာန်လည်း စစ်ရောင် ပေးတဲ့ ဆေးလိပ်ကို ဖွာလိုက်လေသည်။

"ကဲပြော ခင်ဗျားတို့ ဖြစ်ချင်တာက"

"ငါတို့က တိုးထုတ်မလားလို့ အမြတ်လည်း များများရအောင်"

"ကောင်းပြီလေ တစ်ခုပဲကျုပ်က ဒီနယ်ရဲ့ မူးယစ်ရာဇာအကြီးကဲ ခင်ဗျား တို့ လက်လွတ်စံပယ်လုပ်လို့ စစ်တပ်က လာဖမ်းခံရရင် ကျုပ်တို့အဖွဲ့က ဘာမှမလုပ်ပေး နိုင်ဘူး"

လို့ နေမာန်လည်း ခပ်တည်တည် ပြောလိုက်လေသည်။

"ကဲ အဲဒါဆို ငါတို့ဆုံးဖြတ်ပြီးပြီ ဆိုတော့ စားသောက်ကြရအောင်"

ဦးသက်စံပြောပြီး သူ့သမီးကို ဖိတ်ခေါ်လာလေသည်။

"မင်္ဂလာပါရှင့် ကျွန်မနာမည်က စဝ်နန်းဟိန်ပါ အမေရိကန်ကနေ ပြန်လာတာပါ ခုချိန်ကစပြီး အဖေ့ရဲ့လုပ်ငန်းကို ကျွန်မကပဲ ဂိုဏ်းချုပ်အနေ နဲ့ ဦးစီးတော့မှာပါ"

အနက်ရောင် ကိုယ်ကျပ်ဝတ်စုံကို ဝတ်ကာ ဆံနွယ်တွေက ရွှေအိုရောင် ဆိုးထားသည့် ထိုမိန်းမပျို။

"အားလုံးပဲ ကျွန်မကို ကူညီပေးကြပါဦး"

"ကြိုးစားရမှာပေါ့ မကြိုးစားပဲ ဘာအောင်မြင်မှုမှ မရဘူး ဒီကထိုင်နေတဲ့ ဂိုဏ်းခေါင်းဆောင်တွေ အကုန်လုံးကလည်း အကုန်ကြိုးစားပြီး ဒီနေရာကို ရောက်လာခဲ့ကြတာ"

လို့နေမာန်က ဆေးလိပ်ကိုဖွာပြီး ပြောလိုက်လေသည်။ နန်းဟိန်ကို ကြည့် တောင်မကြည့်

"ဒါပေါ့ရှင် ကျွန်မ အရည်အချင်း ဘယ်လိုရှိတယ် ဆိုတာလည်း ကျွန်မက ပြမှာပါ"

"ဟွန့် တစ်ခုတော့ပြောထားမယ် စည်းကမ်းနဲ့လုပ်ပါ ငါအမိန့်ပေးတာ မဟုတ်ဘူး ရှမ်းပြည်နယ် ဂိုဏ်းတွေအကုန်လုံးက ငါ့လက်အောက်မှာဆို

တာကို သတိထား ကလေးသူငယ် လူကုန်ကူးတဲ့ အလုပ် ဘယ်တော့မှ မလုပ်မိစေနဲ့"

လို့နေမာန်လည်း ပြောပြီး ထွက်လာခဲ့လေသည်။

"အဖေ မျက်နှာမပျက်အောင် သမီးကြိုးစားပြီး လုပ်မှာပါ"

လို့ နန်းဟိန်တစ်ယောက် ဦးသက်စံကို ပြောလိုက်လေသည်။ ပါတီပွဲလည်း ပြီးဆုံးသွားရော...

"အဖေ ခွန်နေမာန်က ရုပ်တော့ဖြောင့်သားနော် မင်းသား လုပ်စားလို့ရတယ် ဟွန့်"

လို့ နန်းဟိန် မဲ့ကာ ပြောလိုက်လေသည်။

"ခက်တာက သူက မူးယစ်ရာဇာ ဖြစ်နေတာကို ငါ့သမီးရဲ့ သူ့ပိုင်ဆိုင်မှုတွေကလည်း နည်းတာမှမဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် သမီးကတော့ သူ့ကို စိတ်ဝင်စားတယ်"

"ငါ့သမီး မနက်ဖြန်ကျ နယ်စပ်မှာ ထိုင်း အရောင်းဝယ်သမားတွေနဲ့ သွားတွေ့ပါ ဒါသမီးရဲ့ ပထမ လုပ်ငန်းစဉ်ပဲ"

"ဟုတ်ကဲ့ အဖေ အဲဒါဆို သမီးနားတော့မယ်"

"အေးအေး သမီး"

နေမာန်လည်း အိမ်ကို ပြန်လာခဲ့လေသည်။ အိမ်ထဲဝင်တာနဲ့ အပေါ်ထပ်ကို တက်ခဲ့လေသည်။

"အိပ်နေပြီပဲ"

နေမာန်လည်း အိပ်နေတဲ့ ရွှေနွေးအနားသွားပြီး ဆံပင်လေးကို သပ်လိုက်ကာ...

"မင်းမသိတဲ့အကြောင်းတွေ အများကြီးရှိသေးတယ် ရွှေနွေးရယ်၊ မင်းကိုယ့်ဆီမှာ နေတာကမှ မင်းလုံခြုံမှာ"

"အင်း ဟင်ကိုကြီး"

ရွှေနွေးလည်း နိုးလာပြီး...

"ဆက်အိပ်လေ ငါမင်းအိပ်နေလား လာကြည့်တာ"

နေမာန်လည်း ပြောလိုက်လေသည်။

"ဟုတ်ကိုကြီး ဘယ်က ပြန်လာတာလဲ ဟင်"

"အင်း အလုပ်ကိစ္စကနေ ပြန်လာတာ၊ ကိုကြီး သွားအိပ်တော့မယ် မင်းလည်း ဆက်အိပ်တော့"

"ဟုတ်ကဲ့"

နေမာန်လည်း ရွှေနွေးအခန်းထဲက ထွက်လာခဲ့လေသည်။

*****